**SWIS-H**
STATEWIDE INFANT
SCREENING - HEARING



# ကိုယ့်ကလေးကို ဘာကြောင့် အကြားအာရုံ စစ်ဆေးဖို့လိုအပ်သလဲ။

သင့်ကလေးကို မွေးပြီးကာစ ရက်သတ္တပါတ် အနည်းငယ်အတွင်းမှာ ကျန်းမာရေး စစ်ဆေးမှုတွေ အများအပြား ပြုလုပ်ပေးမှာ ဖြစ်ပါတယ်။ အဲဒီအထဲမှာ အကြားအာရုံ ပျက်စီးမှုရှိမရှိ စစ်ဆေးတာလဲ ပါပါတယ်။ အကြားအာရုံ စစ်ဆေးမှုကို မွေးပြီးတာနဲ့ အမြန်ဆုံး ပြုလုပ်ဖို့ ကမ်းလှမ်းမှာဖြစ်ပါတယ်။

သင်နဲ့ သင့်ကလေးကို ဆေးရုံမှာ စမ်းသတ်မှုပြုလုပ်ဖို့ မဖြစ်နိုင်ဘူးဆိုရင် ဆေးရုံဆင်းပြီးတာနဲ့ မကြာခင်မှာ သင့်ကလေးအတွက် အကြားအာရုံ စမ်းသတ်မှုကို ပြင်ပလူနာအနေနဲ့ဖြစ်စေ၊ ကိုယ့်ရပ်ကွက်ထဲက တစ်နေရာမှာဖြစ်စေ ပြုလုပ်ပေးမှာဖြစ်ပါတယ်။

## ကိုယ့်ကလေးကို ဘာကြောင့် အကြားအာရုံ စစ်ဆေးဖို့လိုအပ်သလဲ။

ကလေး အယောက် ၁၀၀၀ မွေးဖွားရင် အကြားအာရုံ သိသိသာသာဆုံးရှုံးတဲ့ ကလေး  တစ်ယောက် နှစ်ယောက်လောက် ပါတတ်ပါတယ်။

သင့်ကလေး ဘယ်လောက်အကြားအာရုံ ကောင်းသလဲဆိုတာ တတ်နိုင်သမျှအမြန်ဆုံး စစ်ဆေးကြည့်ဖို့လိုပါတယ်။ အဲဒါမှ သင်နဲ့ သင့်ကလေးဟာ မှန်ကန်တဲ့ အကြံပြုချက်နဲ့ အထောက်အပံ့တွေ ရနိုင်မှာဖြစ်ပါတယ်။ ကလေးတွေဟာ စကားတစ်လုံးကို စပြောတတ်လာပြီဆိုရင် သူတို့ဟာ လူကြီးတွေပြောဆိုနေတာကို နားထောင်နေတာ တစ်နှစ်လောက်ရှိနေပြီ ဖြစ်ပါတယ်။

## ကလေးကို စစ်ဆေးတဲ့နေရာမှာ ဘာတွေလုပ်ဖို့ လိုသလဲ။

လေ့ကျင့်ပြီးသား အကြားအာရုံ စစ်ဆေးပေးတဲ့သူဟာ သင့်ကလေး အိပ်နေတဲ့အချိန် ဒါမှမဟုတ် ငြိမ်ငြိမ်လေး အနားယူနေတဲ့အချိန်မှာ စမ်းသတ်မှာ ဖြစ်ပါတယ်။ စမ်းသတ်တဲ့အချိန်မှာ သင်လည်း သင့်ကလေးနဲ့အတူတူနေပေးစေ ချင်ပါတယ်။

စမ်းသတ်သူဟာ အာရုံခံအပြား သေးသေးလေးတစ်ခုကို ကလေးရဲ့ ဦးခေါင်းပေါ်မှာထားပြီး နားကျပ်ကနေတစ်ဆင့် ကလေးရဲ့နားဆီကို ခပ်ပျော့ပျော့အသံတစ်ခု ပေးလိုက်ပါမယ်။ အာရုံခံအပြားလေးက အသံအပေါ်မှာကလေးရဲ့ တုန့်ပြန်မှုကို မှတ်တမ်းတင်ထားပါတယ်။

စမ်းသတ်မှုက ကလေးကို အနှောက်အယှက် မဖြစ်နိုင်ပါဘူး။ စမ်းသတ်မှုပြီးဆုံးဖို့ ၁၀ - ၂၀ မိနစ် လောက်ကြာနိုင်ပါတယ်။

## ရလာဒ်များ

အကြားအာရုံစစ်ဆေးမှု ပြီးတာနဲ့တစ်ပြိုင်နက် ရလာဒ်တွေကို ရှင်းပြပါမယ်။ ပြီးရင် သင့်ကလေးရဲ့ တစ်ကိုယ်ရည်ကျန်းမာရေး မှတ်တမ်း (စာအုပ်အပြာ) ထဲမှာ မှတ်တမ်းတင်ထားပါမယ်။

တကယ်လို့ ရလာဒ်တွေအရ စစ်ဆေးမှု ထပ်လုပ်ဖို့ လိုသေးတယ်ဆိုရင် အဲဒါဟာ သင့်ကလေးရဲ့ အကြားအာရုံဆုံးရှုံးသွားပြီးလို့ ဆိုလိုတာမဟုတ်ပါဘူး။ ရလာဒ်အရ အခြား အကြောင်းရှိလို့လဲ ဖြစ်နိုင်ပါတယ်။ နောက်ထပ်စမ်းသတ်ဖို့လိုရတဲ့ အဖြစ်အများဆုံးအကြောင်းရင်းဟာ မွေးဖွားပြီးတဲ့အချိန်မှာ အရည် သို့မဟုတ် တစ်ခုခု သင့်ကလေး နားထဲမှာ ပိတ်ဆို့နေလို့ ဖြစ်နိုင်ပါတယ်။

## သင့်ကလေး ကြီးပြင်းလာတဲ့အခါ ဘာဆက်လုပ်ဖို့ လိုသေးလဲ

အကြားအာရုံဟာ အချိန်ကြာလာတာနဲ့အမျှ အပြောင်းအလဲ ဖြစ်တတ်ပါတယ်။

သင့်ကလေးရဲ့ စကားပြောပုံ၊ ဘာသာစကား ဖွံ့ဖြိုးမှုနဲ့ အသံတွေအပေါ် တုန့်ပြန်ပုံတွေကို စောင့်ကြည့်လေ့လာနေဖို့  အရေးကြီးပါတယ်။

သင့်ကလေးရဲ့ တိုးတက်မှုကို လေ့လာဖို့ စောင့်ကြည့်ရမဲ့ စာရင်းပါတဲ့ စာရွက်ကလေးကို ဖတ်ကြည့်နိုင်ပါတယ်။

နောက်ပိုင်းမှာ သင့်ကလေးရဲ့အကြားအာရုံ သို့မဟုတ် စကားပြောပုံနဲ့ ဘာသာစကား ဖွံ့ဖြိုးမှုနဲ့ပတ်သက်လို့ စိုးရိမ်စရာရှိရင် သင့်ကလေးရဲ့ အကြားအာရုံကို စစ်ဆေးခံဖို့ စီစဉ်ပါ။ သင့်ကလေးရဲ့ အကြားအာရုံကို စစ်ဆေးခံဖို့ သင့်တော်တဲ့ဂန်ဆောင်မှုကို ညွှန်ပြပေးဖို့ သင့်ရဲ့ မိသားစုဆရာဂန် ပြောပြပါ။

အကြားအာရုံကို အသက်အရွယ်မရွေး စစ်ဆေးလို့ရပါတယ်။

**နောက်ထပ် အကြောင်းအရာ ပိုပြီး သိလိုပါက အောက်ပါ ဝဘ်ဆိုက် သို့ သွား ၍ ကြည့်နိုင်ပါသည်။**

http://www.health.nsw.gov.au/kids-families

ဒေသတွင်း ဆက်သွယ်ရန်/ ချိန်းဆိုရန် အသေးစိတ်အချက်အလက်များ

NSW GOVERNMENT | Health

ကျန်းမာရေးဆိုင်ရာအကြံဉာဏ်အတွက် *healthdirect Australia*
http://www.healthdirect.gov.au/
**1800 022 222**

**Burmese** - Why does my baby need a hearing screen?

SWIS-H
STATEWIDE INFANT
SCREENING - HEARING

# အကြားအာရုံ စောင့်ကြည့် လေ့လာရန်စာရင်း

| | |
|---|---|
| မွေးစမှ ၃ လအထိ | အသံကျယ်ကျယ်ကို တုန့်ပြန်ခြင်း |
| | ရင်းနှီးကျွမ်းဝင်သော အသံများကြားလျှင် ငြိမ်သွားခြင်း |
| | ညည်းငြူသံပြုခြင်း |
| | စကားပြောသူ၏ မျက်နှာကို ကြည့်၍ စကားသံကိုတုန့်ပြန်ခြင်း |
| ၃-၆ လအတွင်း | အသံလာရာသို့ မျက်လုံး သို့မဟုတ် ခေါင်းလှည့်ကြည့်ခြင်း |
| | စကားပြာသံနှင့် ဆင်တူသော အသံများစတင် ပြုလုပ်ခြင်း |
| | ရယ်မောခြင်းနှင့် သူတို့၏ခံစားမှုကိုပြသသော အသံများပြုခြင်း |
| ၆-၉ လအတွင်း | `ဒါ ဒါ´ `မာ မာ´ `ဘ ဘ´ စသော အသံများ ပြုခြင်း |
| | သူ့ကို ဂရုစိုက်လာရန် အော်ဟစ်ခြင်း/ အသံပေးခြင်း |
| | `ငြင်းပယ်ခြင်း´နှင့် ကိုယ့်နာမည်ကို တုန့်ပြန်ခြင်း |
| | သီချင်းဆိုခြင်းနှင့် ဂီတကို တုန့်ပြန်ခြင်း |
| ၉-၁၂ လအတွင်း | အခြားသူများ၏ စကားသံများကို တုပပြောခြင်း |
| | `ဘောလုံး´ `ခွေး´ `ဖေဖေ` စသည့် ရိုးရှင်းသော စကားလုံးများကို နားလည်ခြင်း |
| | အသံခပ်တိုးတိုးကြားလျှင် ခေါင်းလှည့်ကြည့်ခြင်း |
| | ပထမဆုံးစကားလုံးများ ပြောခြင်း |
| ၁၂-၁၈ လအတွင်း | အပါတ်တိုင်း စကားလုံးအသစ်များ နားလည်လာပုံရခြင်း |
| | `ဘောလုံးကို ယူလိုက်´ စသော ရိုးရှင်းသည့် ညွှန်ကြားချက်များကို လိုက်လုပ်ခြင်း |
| | မေးမြန်းသောအခါ လူများ၊ ခန္ဓာကိုယ် အစိတ်အပိုင်းများ သို့မဟုတ် အရုပ်များကို လက်ညှိုးထိုးပြခြင်း |
| | မပြတ်သားသော်လည်း စကားလုံး အသစ်များကို ပြောဆိုရန် အဆက်မပြတ် သင်ယူနေခြင်း |
| ၁၈-၂၄ လအတွင်း | ပုံမှန်သုံးစွဲသော စကားလုံး ၁၀၀-၂၀၀ အတွင်း ရှိလာခြင်း |
| | ရိုးရှင်းသော ပုံပြင်များ သို့မဟုတ် သီချင်းများကို နားထောင်လာခြင်း |
| | စကားလုံး နှစ်လုံး သုံးလုံးခန့် ပေါင်းစပ်၍ စကားစုများ အသုံးပြုလာခြင်း။ ဥပမာ `အအေး နဲနဲ´ |

မှတ်စု -

NSW GOVERNMENT | Health

© NSW Health September 2016 SHPN (NKF) 150186